# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 28 , 2025 Volume 96 , Number 18


၂၈-၁၁-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၂.၄၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၈.၅၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၅.၂၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၀.၂၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄၆.၆၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၄၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၆၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၈.၄၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၂၇ ကျပ် |


## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ပသို့ ရော်ဘာတန်ချိန် ၁ သိန်းခွဲနီးပါး တင်ပို့ထား




ယခု ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလကနေ နိုဝင်ဘာလအထိ ပြည်ပကို ရော်ဘာ တန်ချိန် ၁ သိန်းခွဲနီးပါးတင်ပို့နိုင်ခဲ့တယ်လို့ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းကနေ သိရပါတယ်။

ယခုဘဏ္ဍာနှစ်မှာ ရော်ဘာတန်ချိန် ၃ သိန်းခွဲလောက် တင်ပို့နိုင်ဖို့ လျာထားပြီး ပြီးခဲ့တဲ့ဘဏ္ဍာနှစ်ကတော့ ရော်ဘာတန်ချိန် ၃ သိန်းဝန်းကျင် တင်ပို့နိုင်ခဲ့ကာ ပို့ကုန် ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါး ရရှိခဲ့ပါတယ်။

ရာသီဥတုအခြေအနေနဲ့ ရော်ဘာအစေးလှီးလုပ်သားရှားပါးတာနဲ့ ရင်ဆိုင်နေရဆဲ ဖြစ်လို့ ရော်ဘာအထွက်နှုန်းမကောင်းနိုင်သေးဘူးလို့ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ် လုပ်သူများအသင်း အထွေထွေအတွင်းရေးမှူး ဦးခိုင်မြင့်က ပြောပါတယ်။

လက်ရှိမှာကမ္ဘာ့ရော်ဘာပေါက်ဈေးကျဆင်းနေသလို မြန်မာ့ရော်ဘာပေါက်ဈေးလည်း ဈေးကောင်းရသင့်သလောက် မရဖြစ်နေတယ်လို့ ဆိုပါတယ်။

ပြည်တွင်းမှာ ရော်ဘာသုံးစွဲမှုက နှစ်စဉ် တန်ချိန် ၂ သောင်းကျော်ရှိပြီး ပြည်ပကို တန်ချိန် ၃ သိန်းဝန်းကျင် တင်ပို့နေပါတယ်။

ပြည်ပတင်ပို့ရာမှာ တရုတ်ကို ၇၅ ရာခိုင်နှုန်း တင်ပို့နေပြီး မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အိန္ဒိယ နဲ့ ဂျပန်နိုင်ငံတို့ကိုလည်း တင်ပို့နေတယ်လို့ သိရပါတယ်။

၂၀၁၈– ၂၀၁၉ဘဏ္ဍာရေးနှစ်ကနေ ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်းက ရော်ဘာ တင်ပို့မှုကနေ တစ်နှစ်ကို ပျမ်းမျှအမေရိကန် ဒေါ်လာ သန်း ၂၅၀ ကနေ သန်း ၄၅၀ အကြား ရရှိခဲ့တယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ သဘောတူလက်မှတ်ရေးထိုးကာ စာချုပ် (၁၆) စောင်လဲလှယ်




မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ သဘောတူ လက်မှတ်ရေးထိုးကာ စာချုပ် ၁၆ စောင်လဲလှယ်ခဲ့ကြောင်း နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်၏ထုတ်ပြန်ချက် အရ သိရသည်။

နိုဝင်ဘာ ၂၇ ရက်၊ နံနက်ပိုင်းက ရန်ကုန်မြို့၊ LOTTE ဟိုတယ်တွင် မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံကုန်သည်စက်မှုအသင်းများဖြစ်ကြသော UMFCCI နှင့် BelCCI တို့ပူးပေါင်း၍ မြန်မာ-ဘယ်လာရုစ်စီးပွားရေးဖိုရမ်ကိုကျင်းပခဲ့ပြီးအထက်ပါစာချုပ်များကိုလဲလှယ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် ဘဏ်နှင့်ငွေကြေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေးအခြေခံစက်မှုကုန်ထုတ်လုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကိုအဓိကဆွေးနွေးခဲ့ကြောင်းသိရသည်။

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက သဘောတူ လက်မှတ်ရေးထိုးခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး စုစုပေါင်း စာချုပ် ၁၆ စောင်အား အပြန်အလှန် လဲလှယ်ခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဝါဝါမောင်၊ ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းတို့ တက်ရောက်ခဲ့ကြောင်းသိရသည်။

ထို့ပြင် ဘယ်လာရုစ်နိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maxim RYZHENKOV ဦးဆောင်သည့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးတာဝန်ခံ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း “Bellegprom” ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဝန်ကြီး၊ စက်မှုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီးတို့ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်

**Source :** https://npnewsmm.com/

## ခရမ်းချဉ်သီးဈေးနှုန်း ပြန်လည်မြင့်တက်လာ




ပြည်တွင်း ကုန်စိမ်းသီးနှံဈေးကွက်မှာ ခရမ်းချဉ်သီးဈေးကွက်က မြင့်တက်လာပြီး တစ်ပိဿာကို ၃၀၀၀ ကျပ် ဈေးတန်းရှိလာတယ်လို့ ရှမ်းတောင် ကုန်သည်တွေဆီက သိရပါတယ်။

လက်ရှိ ရှမ်းတောင်မှာခရမ်းချဉ်သီးအထွက်နှုန်းနည်းလာပြီး ဗမာခရမ်းချဉ်သီးတွေလည်း ဈေးကွက်ထဲ ဝင်ရောက်နိုင်ခြင်း မရှိသေးတဲ့အတွက် နိုဝင်ဘာလ မှာ ခရမ်းချဉ်သီး ဈေးနှုန်းမြင့်တက်လေ့ရှိတာ ဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိရှမ်းပြည်နယ် အောင်ပန်းကုန်စည် ဈေးကွက်မှာ ခရမ်းချဉ်သီး ဝွတ်သီးတစ်ပိဿာကို ၃၀၀၀ ကျပ်၊ ခရမ်းချဉ်သီး ရှယ်သီးကတစ်ပိဿာကို ၂၇၀၀ ကျပ်နဲ့ ခရမ်းချဉ်သီးအသေးတစ်ပိဿာ၂၀၀၀ကျပ်ရှိတယ်လို့သိရပါတယ်။

လက်လီဈေးကွက်မှာတော့ ခရမ်းချဉ်သီး တစ်ပိဿာကို ၄၀၀၀ မှ ၅၀၀၀ ကျပ်အတွင်း ဈေးရှိတယ်လို့ သိရပါတယ်။

"နှစ်တိုင်း ဒီအချိန်ဆို ဈေးတက်ပါတယ်။ ခုချိန်က နယ်စုံကနေ ခရမ်းချဉ်တွေ မထွက်သေးဘူးလေ။ ရှေ့လလောက်ဆိုရင် တော့ပြန်ကျနိုင်မဲ့ အခြေအနေရှိတယ် " လို့ ရှမ်းတောင် ခရမ်းချဉ်သီးရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

ခရမ်းချဉ်သီး ဈေးနှုန်းသည် ယခုနိုဝင်ဘာ တတိယပတ်ဖြစ်တဲ့ နိုဝင်ဘာ ၁၇ ရက်မှစပြီး ဈေးတက်လာတာဖြစ်ကြောင်း နိုဝင်ဘာ ၁၇ ရက်နေ့ က ခရမ်းချဉ်သီး ဂွတ်သီးတစ်ပိဿာကို ၂၀၀၀ ကျပ်၊ ခရမ်းချဉ်သီး ရှယ်သီးက တစ်ပိဿာကို ၁၈၀၀ ကျပ် နဲ့ ခရမ်းချဉ်သီးအသေး တစ်ပိဿာ ၁၅၀၀ ကျပ်ရှိတယ်လို့ သိရပါတယ်။

နိုဝင်ဘာ ၁ ရက် ကနေနိုဝင်ဘာ၁၆ ရက်နေ့အတွင်းမှာခရမ်းချဉ်သီးဂွတ်သီးတစ်ပိဿာကို၁၈၀၀ ကျပ်၊ခရမ်းချဉ်သီး ရှယ်သီးက တစ်ပိဿာကို ၁၅၀၀ ကျပ်နဲ့ ခရမ်းချဉ်သီးအသေး တစ်ပိဿာကို ၁၂၀၀ ကျပ်သာရှိခဲ့တယ်လို့ သိရပါတယ်။

ဒါကြောင့် ဆယ်ရက်အတွင်းမှာ ခရမ်းချဉ်သီး တစ်ပိဿာကို ၈၀၀ ကျပ်မှ ၁၂၀၀ ကျပ်နှုန်းစီ မြင့်တက်လာတာ ဖြစ်ပါတယ်။

" ဈေးက တက်လာတယ်ဆိုပေမဲ့ အရင်နှစ်ဒီအချိန်နဲ့ ယှဉ်ရင် အခုဈေးက တက်တယ်လို့ပြောမရပြန်ဘူး.။ မနှစ်ကခုထက် ဈေးအတော်များခဲ့တယ်။ မနှစ်တုန်းကတော့ သဘာဝဘေးကြောင့် ခရမ်းချဉ်ပျက်တာလဲ ပါတာပေါ့ " လို့ ခရမ်းချဉ်စိုက်တောင်သူ တစ်ဦးက ပြောပါတယ်။

ယခုနှစ် နိုဝင်ဘာလမှာ ဖြစ်ပေါ်နေတဲ့ ခရမ်းချဉ်သီး ဈေးနှုန်း က ယခင်နှစ် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ရဲ့ ခရမ်းချဉ်သီး ဈေးနှုန်း နဲ့ယှဉ်ပါက  ထက်ဝက်လောက် လျော့ကျနေတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၆ ရက်တုန်းကဆိုရင် ရှမ်းပြည်နယ်အောင်ပန်း ကုန်စိမ်းဈေးကွက်မှာ ခရမ်းချဉ်သီး ဂွတ်သီး တစ်ပိဿာကို ၆၀၀၀ ကျပ်၊ခရမ်းချဉ်သီး ရှယ်သီးကတစ်ပိဿာကို ၅၈၀၀ ကျပ်နဲ့ခရမ်းချဉ်သီးတစ်ပိဿာ ၅၀၀၀ ကျပ် အထိ ရှိခဲ့ပါတယ်။

**Source :** https://htwettoe.com/

## တောင်သာမြို့နယ်၏ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးထားရှိမှု



တောင်သာမြို့နယ်သည် ဆည်ရေသောက်အသင့်တင့်ရှိပြီး မိုးကောင်းသောက်ဧရိယာများတွင် မိုးစပါးများကိုလည်း ဒေသတွင်း ဝမ်းစာဖူလုံစေရန် စိုက်ပျိုးထားကြောင်း သိရသည်။

မိုးစပါးများကို ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလ တို့တွင် စတင်ရိတ်သိမ်း ကြောင်း သိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ်တွင် တောင်သာမြို့နယ်၌ မိုးစပါးစိုက်ပျိုးပြီးဧက ၃၈၇၃ စိုက်ပျိုးထားကြောင်း၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရသိရသည်။

စီမံကိန်းလျာထားချက်နှင့်အညီ ရာနှုန်းပြည့်မီအောင် စိုက်ပျိုးထားကြောင်း၊ သက်လတ်စပါးမျိုးဖြစ်သော မနောသုခ စပါး မျိုးများကို လှည်းကူးမကျေးရွာ၊ ဘုရားလှရွာ၊ ဖက်တောရွာ၊ ညောင်ဒိုရွာနှင့် ကြာပို့ကန်တော်ရွာစသည်တို့တွင် စိုက်ပျိုးထား ကြောင်း၊ မိုးစပါးများကို ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ တွင်  စတင်ရိတ်သိမ်းမည်ဖြစ်ကြောင်း၊ ယခင်နှစ်မိုးစပါး အထွက်နှုန်းအနေဖြင့် ၈၃တင်းခန့် ထွက်ရှိခဲ့ကြောင်း၊  ယခင်နှစ် မနောသုခစပါးထွက်ပေါ်ချိန်၌ တစ်တင်းခွဲ တစ်အိတ်လျှင် ၃၀,၀၀၀ ကျပ်ခန့် ပေါက် ဈေးများဖြင့် ဒေသအတွင်း၌သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ စိုက်နည်းစနစ်၊ သွင်းအားစုနှင့် ရာသီဥတုကောင်းမွန်ပါက ယခင်နှစ်ထက် အထွက်နှုန်းကောင်းနိုင်ကြောင်း မိုးစပါးစိုက်တောင်သူတစ်ဦးထံက သိရသည်။

Source : **DOCA(မန္တလေး)**

## မြန်အောင်မြို့နယ်၌ ဒေသထွက် ဖရဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ဒေသထွက်ဖရဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ်မှ လယ်ယာ ထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

မြန်အောင်မြို့နယ်၌ ယခုနှစ်နိုဝင်ဘာလတတိယပတ်မှ လက်ရှိအချိန်ထိ ဒေသထွက်ဖရဲသီးများအရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဖရဲသီးများကို ဒေသတွင်းအပြင် ပုသိမ် ၊ ရန်ကုန်စသည့်ဒေသများကပါ ဝယ်ယူနေခြင်းကြောင့် အရောင်းအဝယ် ကောင်းမွန်နေခြင်းဖြစ်ကြောင်း သိရသည်။

''ဖရဲသီးတွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ဒေသတွင်းဈေးကွက်အပြင် တခြားဒေသတွေကပါ ဝယ်လိုအားကောင်းနေတာပါ။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ဖရဲသီးတွေက အရည်အသွေးကောင်းမွန်ပါတယ်။ အခုလို အရောင်းအဝယ်ကောင်းတော့ စိုက်ပျိုးသူတွေ အဆင်ပြေလာကြပါတယ်။ ဒေသထွက်ကုန်တွေပဲ အရောင်းအဝယ်လုပ်ရတော့ ကုန်စည်သယ်ယူရတဲ့ တန်ဆာခတွေ ကုန်ကျမှု လျော့နည်းလာပါတယ်'' ဟု ၎င်းကပြောသည်။

မြန်အောင်မြို့နယ်၌ ဖရဲသီးကို မြေနုကျွန်းကျေးရွာ များတွင် အများဆုံး စိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် ကျေးရွာ ၁၄ ရွာမှဒေသခံတောင်သူ ၁၀၄ ဦးက တစ်ဦးလျှင် တစ်ဧကမှ ငါးဧက အထိ စိုက်ပျိုးထားကြောင်းသိရသည်။

**Source :** https://www.myawady.net.mm/

## အသားထုပ်ပိုးသည့်ကုမ္ပဏီများအား စစ်ဆေးရန် အမေရိကန်သမ္မတထရမ့်က ညွှန်ကြားခဲ့

တရားမဝင်ပူးပေါင်းခြင်း၊ ဈေးနှုန်းသတ်မှတ်ခြင်းနှင့် ဈေးနှုန်းကိုထိန်းချုပ်ခြင်းမှတစ်ဆင့် အမဲသားဈေးနှုန်းများ မြင့်တက်စေရန် ဆောင်ရွက်နေသည့် အမဲသားထုပ်ပိုးသည့်ကုမ္ပဏီများကို စုံစမ်းစစ်ဆေးမှုစတင်ရန် တရားရေးဝန်ကြီးဌာန (Department of Justice, DOJ)အား သမ္မတထရမ့်က ညွှန်ကြားခဲ့ကြောင်း သိရသည်။

ယင်းသို့ညွှန်ကြားခဲ့ခြင်းနှင့်ပတ်သက်၍ အမေရိကန်သမ္မတကအစိုးရအနေဖြင့် အမေရိကန်မွေးမြူရေးလုပ်ငန်းများကို အမြဲတမ်းကာကွယ်ပေးသွားမည်ဖြစ်ကြောင်း၊နိုင်ငံ၏အစားအသောက်ထုတ်လုပ်ဖြန့်ဖြူးရေးလုံခြုံမှုကို ပျက်ပြားစေရန်၊ ဈေးနှုန်းများမြင့်တက်စေရန် နိုင်ငံခြားပိုင်အသားထုပ်ပိုးသည့်ကုမ္ပဏီများက ဆောင်ရွက်လျက်ရှိသော်လည်း ဈေးနှုန်းမြင့်မား ခြင်းသည် အမေရိကန်မွေးမြူရေးလုပ်ငန်းရှင်များကြောင့်ဟု အပြစ်ဖို့လျက်ရှိကြကြောင်း၊ အမေရိကန်စားသုံးသူများကို ကာကွယ်ရန်နှင့် တရားမဝင်ဈေးကွက်ထိန်းချုပ်မှုများကို တိုက်ဖျက်ရန်၊ ယင်းကုမ္ပဏီကြီးများက အမေရိကန်နိုင်ငံသားများအပေါ် အမြတ်ထုတ်ခြင်းမပြုနိုင်ရန် ချက်ချင်းအရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် သမ္မတထရမ့်က ၎င်းပိုင်လူမှုကွန်ရက် “TruthSocial” ၌ ရေးသားဖော်ပြခဲ့ပါသည်။

ထို့ပြင် နှစ်ပေါင်းများစွာကပင် လက်တစ်ဆုပ်စာသာရှိသော ကုမ္ပဏီကြီးများသည် အမေရိကန်ကျွဲ၊ နွားမွေးမြူရေး လုပ်ငန်းများ လျော့နည်းလာစေရန်၊ တိရစ္ဆာန်အုပ်များနည်းပါးလာစေရန်နှင့် ကုန်စုံ ဆိုင်များရှိ ဈေးနှုန်းများမြင့်တက်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊အသားထုပ်ပိုးသည့် ကုမ္ပဏီကြီး(၄)ခုဖြစ်သော JBS (Brazil)၊ Cargill ၊ Tyson Foods နှင့် National Beef တို့သည် အမေရိကန်အမဲသားဈေးကွက်၏ ၈၅ ရာခိုင်နှုန်းကိုထိန်းချုပ်ထားပြီး ယင်းကုမ္ပဏီများအနက် ကုမ္ပဏီ (၂)ခုမှာ နိုင်ငံခြားပိုင် သို့မဟုတ် နိုင်ငံခြားပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုသိသာစွာပါဝင်နေသည့် ကုမ္ပဏီများဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍရှိ လုပ်ငန်းများကို စုစည်းဖွဲ့စည်းခြင်းကြောင့် ယှဉ်ပြိုင်မှုကို လျော့ကျစေကာ ကျွဲ၊ နွားမွေးမြူရေးကိုပါထိခိုက်စေပြီး အမေရိကန်စားသုံးသူများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်မွေးမြူရေးလုပ်ငန်းများကို အသုံးချအမြတ်ထုတ်လျက်ရှိကြောင်းဖြင့် အမေရိကန်သမ္မတ

အိမ်ဖြူတော်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Source: White House**

**(ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)**

## သမ္မတထရမ့်နှင့် သမ္မတရှီကျင့်ဖျင်တို့ သဘောတူညီချက်အရ တရုတ်နိုင်ငံက ဓာတုပစ္စည်းပို့ကုန် ကန့်သတ်ချက်များကို ထုတ်ပြန်ကြေညာခဲ့

အမေရိကန်နှင့်တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးဆက်ဆံရေးတင်းမာမှုများကို လျှော့ချရန်ရည်ရွယ်လျက် သမ္မတထရမ့်နှင့်သမ္မတရှီကျင့်ဖျင်တို့အကြား မကြာသေးမီက ဆွေးနွေးမှုတွင်အဓိကကျသည့် ဆွေးနွေးချက်တစ်ခုဖြစ်သော Fentanyl မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများကို တိုက်ဖျက်ရန်နှင့်ပတ်သက်၍ တရုတ်နိုင်ငံက အရေးယူဆောင်ရွက်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံက Synthetic opioid ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများအပါအဝင် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်း ၁၃ မျိုးကို အမေရိကန်၊ ကနေဒါနှင့်မက္ကဆီကိုနိုင်ငံများသို့ တင်ပို့မှုအားကန့်သတ်ကြောင်း ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်တွင်ထုတ်ပြန်ခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များအကြား သဘောတူညီချက်အရ အမေရိကန်နိုင်ငံသည် Fentanyl မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ တရုတ်နိုင်ငံအပေါ် ချမှတ်ထားသည့်သွင်းကုန်ခွန် ၂၀ ရာခိုင်နှုန်းကို ၁၀ ရာခိုင်နှုန်းသို့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်တွင် လျှော့ချပေးခဲ့သည်။

ထို့ပြင် တရုတ်အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်ကလည်း ကုမ္ပဏီများအနေဖြင့် အခွန်ဥပဒေများ၊ အကောက်ခွန်စည်းမျဉ်းများ၊ အင်တာနက်ဥပဒေနှင့် နိုင်ငံခြားငွေကြေးလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်း၊ တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ အထက်ဖော်ပြပါ မြောက်အမေရိကနိုင်ငံ၃နိုင်ငံမှအပ ကျန်နိုင်ငံများသို့ အဆိုပါဓာတုပစ္စည်းများကို ပို့ကုန်လိုင်စင်မလိုဘဲ တင်ပို့နိုင်ကြောင်းသိရှိရပြီး Fentanyl မူးယစ်ဆေးဝါးကို မက္ကဆီကိုနိုင်ငံ၌ အများဆုံးထုတ်လုပ်ကြောင်း သိရသည်။

**Source: AP News**

**(ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)**

## STOCK EXCHANGE (28.11.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 28th Nov. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,349 (Shares) | 10,967,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 249 | 2,116,500 | 33,109,694 | 281,432 |
| MTSH | 00002 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,550 | 1,888 | 6,706,800 | 38,929,150 | 140,145 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 0 | 0 | 10,400,986 | 79,048 |
| FPB | 00004 | 2,150 | +50 | +2.38% | 2,150 | 2,150 | 2,150 | 166 | 356,900 | 29,664,613 | 63,779 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,900 | 2,950 | 2,900 | 2 | 5,850 | 12,823,224 | 37,829 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 1,006 | 1,659,900 | 19,977,223 | 32,962 |
| AMATA | 00007 | 3,500 | -100 | -2.78% | 3,550 | 3,550 | 3,500 | 7 | 24,800 | 10,497,598 | 36,742 |
| MAEX | 00008 | 3,050 | -100 | -3.17% | 3,150 | 3,150 | 3,050 | 31 | 97,000 | 23,804,946 | 72,605 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 28th Nov. 2025

### Today's summary

| Index name | Close | Change | %Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 394.73 | -1.04 | -0.26% | 396.55 | 396.55 | 394.27 | 3,349 | 10,967,750 | 8 | 744,542 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 1:00 pm, 28th Nov. 2025

| Trading Volume | Trading Value |
|---|---|
| 3,849 (Shares) | 12,292,750 (MMK) |

## Main Board

As of 1:00 pm, 28th Nov. 2025

### Total Trading (MB) (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 3,349 (Shares) | 10,967,750 (MMK) |

| MYANPIX | 394.73 ▼ 1.04 |
|---|---|
| Total Volume (shares) | 3,349 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 744,542 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲0 |
| MTSH | 00002 | 3,600 | ▲0 |
| MCB | 00003 | 7,600 | ▲0 |
| FPB | 00004 | 2,150 | ▲50 |
| TMH | 00005 | 2,950 | ▲0 |
| EFR | 00006 | 1,650 | ▲0 |
| AMATA | 00007 | 3,500 | ▼100 |
| MABX | 00008 | 3,050 | ▼100 |